**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ DMA/SSE/NM/၂၈/၂၀၂၄

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ ရေတပ်ပင်မတိုင်းတာရေးတပ်၏ ၁၅-၁၀-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၃၆/၂၁-ခ/ရပတ/ဦး ၁

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းလေ့ကျင့်ခန်းအား မြန်မာ့ရေပိုင်နက်အတွင်းရှိ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းရေပြင်၌ ရေပြင်၊ဝေဟင်၊ရေအောက်လေ့ကျင့်ခန်းများနှင့်လက်တွေ့ပစ်ခတ်ခြင်းများ (Live Firing) ကို ၂၀-၁၀-၂၀၂၄ ရက်နေ့ ဂရင်းနစ်စံတော်ချိန် ၀၀:၀၀ နာရီ (၂၀-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီ) မှ ၂၄-၁၀-၂၀၂၄ ရက်နေ့ ဂရင်းနစ်စံတော်ချိန် ၂၄:၀၀ နာရီ (၂၅-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီ) အထိ အောက်ဖော်ပြပါ ဧရိယာ အတွင်းတွင် ကျင်းပ ပြုလုပ်မည် ဖြစ်ပါသည်-

| Point | Latitude(N) | Longitude (E) |
|---|---|---|
| A | 12° 51′ | 096° 40′ |
| B | 12° 51′ | 097° 40′ |
| C | 11° 51′ | 097° 40′ |
| D | 11° 51′ | 096° 40′ |

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းပြုလုပ်စဉ်ကာလအတွင်း အထက်ဖော်ပြပါဧရိယာမှ (၅)မိုင် ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများ

ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန် ကြေညာအပ်ပါသည်။

**အကြံပြုမှတ်ချက်။** ။ လေ့ကျင့်ခန်းဆောင်ရွက်နေစဉ်အတွင်း ၎င်းဧရိယာတစ်ဝိုက်၌ ဖြတ်သန်းမောင်းနှင်နေသော ရေယာဉ်များသည် မြန်မာ့တပ်မတော်(ရေ) သင်္ဘော "**UMS KING SIN PHYU SHIN**" (**Call sign. XYYE**) **သို့ VHF Channel 16 (156.8 MHz) သို့မဟုတ် HF-2182 KHz USB** တို့မှတစ်ဆင့် ဆက်သွယ်၍ လမ်းညွှန်ချက် တောင်းခံနိုင်ပါကြောင်း အကြံပြုအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

မိုးကျော်-ညွှန်ကြားရေးမှူး(SSE)